
ဇာတ်လမ်း၊ဇာတ်ညွှန်း၊သရုပ်ဖော်

မိုးရာဇ

ကျွန်ုပ် နှင့်

# သင်္ကြန်



## အခန်း (၁) ပိတောက်အလှ


ရွာထိပ်ပိတောက်ပင်ကြီးကားပူးပွင့်
နေပေပြီ။ ပိတောက်ပူးအစီအရီတို့ကို
ဟိုတစ်ပြောက် ဒီတစ်ပြောက်တွေ့နေ
ရ၏။ ယင်းပိတောက်ပင်ပွင့်လျှင်
ပိတောက်ရနံ့တို့ တလှိုင်လှိုင်မွှေးပျံ့
ကြိုင်ရော့မည်။ ကြုံတိုင်းရွာသူပျိုမြ
ချောတို့သည် ဒီအချိန်ပျော်ရွှင်စမြဲ။
ဟယ် ပိတောက်တွေ ပွင့်နေပြီတော့...


မိုးပြေးလေး
တစ်ဖြိုက်နှစ်ဖြိုက်ရွာချရင်
ကောင်းမယ်နော်
မိုးမရွာလည်း
ရေလောင်းရင်
ပွင့်ပါတယ်နော်
၁


ဤသို့ဥာက်ကူပြီး ပိတောက်ကိုပွင့်ခေသူများလည်းရှိ၏
အို.. ဒါမျိုးဆို အသက်နဲ့ပဲလဲရ လဲရ.. ဟီး..
ကိုပိုက်ကလေး လိမ့်ကျနေဦး မနော..
ထိုလူလည်များနှင့်တွေ့လျှင် ပိတောက်ပင်ကားအညာမိရှာလေသည်။ ပွင့်ချိန်မတန်ဘဲ ပွင့်ရရှာလေသည်။
ပိတောက်ပွင့်ချိန်သူ့ခေါင်း မှာလည်းပိတောက်ဝါ။ ငါ့ခေါင်း မှာလည်းပိတောက်ဝါ။ ကြံတိုင်းရွာသူပျိုဖြူချောတို့မှာ တစ်ခေါင်းလုံးပိတောက်ပန်း အဖွေးသား။
၄

အခန်း [၂] ကျွန်ုပ်နှင့် မှုခင်းသံကြား




ဗျာ.. ဆရာတွတ်က ဘာတွေတွေးနေလို့လဲ..
ဆရာတွတ်အတွေးထဲမှာ နိုးမြတ်သူဇာတို့၊ မေသန်းနုတို့နဲ့ တွေ့နေလို့လား..
ဟား.. တိုးတိုးဟ၊ မသေးမျှင် ကြားသွားပါ့မယ်၊ ဒါမျိုးက မိန်းမချင်းသိပ်သဝန်တိုတာ
..၊ သူ့ဘက်ကတော့ အခိုင်ချည်းပဲ..
ထူးဆန်းပါပေ့ ကိုကိုလိပ်ရယ်


ကိုင်း.. ဆိုစမ်း
ညဆိုအားအားယားယား
တီဗွီကြည့်ပြီးပြန်လာတာ
မဟုတ်လား..
ကျွန်ုပ်တို့ကြံ့ကိုင်းရွာတွင် မီး
မရှိသော်လည်း ဗွီဒီယိုပြသောရုံရှိ
ပြီး မီးစက်ဖြင့်ပြသည်။ ကြေးရ
တတ်.. ဦးဝဏ္ဏဆိုင်တွင်တီဗွီ
တစ်လုံးရှိ၏။ ထိုတီဗွီကားတစ်ရွာ
လုံးကအားပေးနေသောတီဗွီပင်။
ထိုသို့တစ်ရွာလုံးကလာရောက်အား
ပေးကြည့်ရခြင်းကိုဦးဝဏ္ဏကဂုဏ်ယူ
သည်။
အလကား
ပြမှာနော်..
ငွေရှိကြောင်းထင်ပေါ်ချင်သည်။
ငွေမယူပါဘူးကွယ်
ကြည့်ပါ၊ကြည့်ပါ၊
ကြွားချင်၍သာတီဗွီပြရသည်။ ဘက်ထရီ
ဖိုးကားမလျှော်ယံ့ရှာ။ ကြေးရတတ်
မို့သာတော်ရှာသည်။
× − + ÷
၉







ထို့ကြောင့်အလကားကြည့်ရသော ဦးဝဏ္ဏ၏တယ်လီဗေးရှင်းကိုသာအားထား ရချေသည်။




ဗိုက်ကလေးကား တီဗွီစပြ
ကာစမှ တီဗွီအပြီးမြန်မာ
ရုပ်မြင်သံကြားအစီအစဉ်
ပြီးပါပြီ ဆာတန်းပေါ်သော
သည်အထိကြည့်နိုင်စွမ်းသူ
ယင်းမှာလည်းတီဗွီလာ
ကြည့်သူငွေခင်၊ရွှေခင်
ထားမေ၊ရွှေထုပ်၊ငွေထုပ်အစ
ရှိသောကျေးတိုင်းရွာသူမိန်းမ
ချောတို့ကိုအခွံထုတ်ရန်
ရည်ရွယ်ရင်းဖြစ်
၏။
ကိုဗိုက်ကလေးက
တီဗွီအရမ်းငမ်း
တာကိုးရှင့်..
ငွေခင်တီဗွီလေး..
ငွေခင်တီဗွီ..
သွားကြစို့ဗျို့
အဆင်သင့်
ပါပဲ..
သူနှင့်ကိုဓားတင်မောင်
လူပျိုကြီးနှစ်ယောက်ကားအခြား
နေရာများတွင်သာမတည်ငြိမ်ချင်
နေရမည်။မိန်းမပိုးသည့်နေရာ
၌ကားသဘောတူအရှုံးသာ။
နှစ်ယောက်သားလည်ပင်းဖက်ကာညစဉ်
ဦးဝဏ္ဏအိမ်သို့ တီဗွီကြည့်ရောက်နေကျ။
မပြသေးဘူး
ငါးနာရီပဲရှိသေးတယ်


နေရာယူ
ရအောင်ဗျို့
နေရာယူရမှာကတီဗွီကြည့်ဖို့မှ
ဟုတ်ရဲ့လား..
အို.. ဟုတ်ပါသဗျာ
အိမ်မှာဆိုအလကားနေ
အလကားမဟုတ်လားဗျ
ဟုတ်မယ်ဗျို့.. ရွှေခင်၊ငွေခင်၊ထားမေတို့
လည်းအိမ်မှာနေအလကားနေအလကားပဲ
ဆိုပြီး ညစဉ်တီဗွီလာကြည့်ကြတာ
ကလား


ယင်းလုပ်ဖိုကြီးနှစ်ယောက်၏
မျက်နှာကား ကိုဗိုပန်းသား
ဖြင့်တွင်မရှိချေ။
ကိုဗိုကရေမှာလေ
ကိုခေါတင်မောင်
ထားဝေဘ?
ကျွန်ုပ်စလေ့ရှိသိဖြင့်
မျက်နှာပုပ်ချေပြီ။
ဦးညာ ကိုဗိုညွှန်နက်မယ်
မနက်ဗိုက်ကလေးထမင်းချက်
ဦးနေ့.. မောင်ခ်
တဲ့တော့မမျှင်..
တကယ်
ဟယ်.. မကာလိမ်ခနဲ့ ကျိန်းသေရဲ့လား
ဟဲ့...ငါကမောင်ခ်ဆိုသိပ်ကြိုက်တာ
တအားရယ်ရလို့..
ဟုတ်ပ
ရှင်..



ကျွန်မကတော့ရှင်
ဦးတွတ်ပီကရယ်ရလို့ပိုကြိုက်သေး
ကောင်မငါ့ယောကျာ်းကို
မထိနဲ့နော်..
ဟား.. ဟား.. ဟား.. စတာပါမမျှင်ရယ်
မမျှင်က ယောကျာ်းထိဆတ်ဆတ်
မခံဘူးတော့..
ကျွန်ုပ်ကား တီဗွီအစီ
အစဉ်များ၌ဖြိုဟက်တုသတင်း
များကိုအနှစ်သက်ဆုံးတည်း။
ဖြိုဟက်တုချိန်ကျလျှင်
ကျွန်ုပ်လည်းမျက်မကွက်
သွားကြည့်ချေသည်။
ကျွန်ုပ်ကားကမ္ဘာ့
သတင်းအပြောပြောကိုမှစိတ်
ဝင်စားသူတည်း။
ဦးဖြိုဟက်တု.. အဲ.. ဟုတ်ပေါင်..
ဦးတွတ်ပီကြီးလာပြီဗျို့..



နောက်ကျသွား ဘဏ္ဍုပုရှိဆလားစီးယား မှာကောချတုန်းလား
ချတုန်း ချတုန်း
ဩ..ဘာစီလဲ ရောက်နေတာကိုး
ဝိရိယပေါ့ လကွာ..
နိုင်ငံခြားမသွားနိုင်သေးတော့ လည်ချိုးဂြိုဟ်တုသတင်းကြည့်ပြီး ရသေ့စိတ်ဖြေရတာပဗျာ..
ယင်းတီဗွီကား ကျွန်ုပ်တို့ ကြံ့တိုင်းရွာ၏ပျော်ပြေရေး အမြင့် သတင်းနားထောင်ရာ တစ်ခုတည်းသောမြင်ပ ဆက်သွယ်ရေးတည်း။


ကြံ့တိုင်းရွာသို့တိဗ္ဗ ရောက်လာခဲ့ဖြစ် ကားရယ်မှယ်လိလိပင်။
ခုဟာက တိဗ္ဗိပါဗျာ ကြည့်ရတာဥစ္စာ..
ကြေးရတာတ် ဦးဝဏ္ဏကတိဗ္ဗတိဝယ် မလွှတ်တဲ့တော့သူ များတွေပြောတော့ တိဘိဆိုတာရောကါ ဆို..
တိဗ္ဗိဆိုသည်မှာလုံးလုံးလားပြား ပြားလား မခွဲခြားနိုင်သူများ။
အလုံးကျ..
အပြား.ပါ ဗို..
မော်တော်ဖြင့်သယ်ယူခဲ့ရာရွှေတစ်ဆင် ချောင်းခစ်တွင်ကမ်းလုံးညွှတ်မှုခည်ချေပြီ။
ဂျိုး....
ဟေး....
တိဗ္ဗရောက်သည့်နေ့နှင့် တိဗ္ဗ ရပြီသည့်နေ့ အကြောင်း ရယ် မှယ်လိလိပါအမြန်ကို ခာလေး အုံးမိုး ၍ မပေါ်မြို့တော့ဘဲနောက်ထွက် မည့်ဘုတ်ရုပ်များတွင်သာ အလျှင်းသင့်သလို ပေါ်မြူပေး ပါမည်။
၁၆


ဆို.. ဗိုက်ကလေးတို့ဗွီမှာ ဘာသတင်းထူးပါသလဲ
သကြိန်လေ ခရာတွတ်၊ ရန်ကုန်သကြိန်တို့ဗွီမှာပြတာ အချမ်းပျော်စရာကောင်း
ကြံ့တိုင်းရွာသကြိန်လည်းပျော်စရာကောင်းပါတယ်ကွာ၊ ဓတုဒိသာလည်းကျေးတယ်
ဟာ.. မတူဘူးဗျ ဟိုမှာကတေးဂီတတွေ သကြိန်ယိမ်းတွေ၊ သကြိန်တော်ဦး.. တူးပို့.. တူးပို့..
ကြွေ... ခြေဟန်လက်ဟန်ပါ.. ပါလာပဟ..
ဗိုက်ကလေးရောဂါကားမသေး။ ပဲ့ခင်ကပြော ပြီး။ လက်ကပါကပြ နေလိုက်သေး။
ရွှေခပယ်ရုံလေးဝယ်.. တေးသံ ရောက်ခဲ့ပေါ့ကွယ်..
ဟာ.. တို့ကြံ့တိုင်းရွာကသကြိန်မှာ ညဆိုလူပျိုကြီး ခေါင်မောင်တို့ရဲ့ ပယ်ဖလင်တီးဝိုင်းရှိသားမဟုတ်လား
၁၇
ထွက်ကိုက်ပို့ ပြင်မှ...


ဟာ.. မလှဘူးဗျ
ဘာမလှ ရမှာလဲကွ
ညနေခေါင်းရေခပ်ဆင်းတဲ့ရွှေခင် ငွေခင်တို့ရဲ့ရေအိုးရွက်ဃိမ်းက မင်းဖြိုးတော်သကြိန်ထက်တောင် သာကြည့်ကောင်းသေး
ဘဘိုတိုတိုရေစိုစို ရေဆေးငါး ကြီးမျိုး..
ဟာ.. ရေပက်ခံကားတွေနဲ့ လှည့်လည်ပြီးပျော်ကြတာ တိဗွီမှာပါသဗျ


ဟာ.. ကြံ့တိုင်းရွာမှာလဲ ဘာထူး
သလဲကွာ၊ ရွာကရွာသားတွေ၊ နွား
လှည်းတွေနဲ့တစ်ရွာနဲ့တစ်ရွာရေပက်ခံ
ထွက်ကြတာပဲဟာ၊ မနှစ်ကမင်း
တောင်ကုန်းဘောင်ရွာကိုရေပက်ခံ
ထွက်သေး
ရေသွားခပ်ရ
တာဝေးတော့
လောင်းရမှာနှမြော
တယ်
ဦးဗိုက်
ကလေးပဲမ
လောင်းနဲ့ကြ
ဘာပဲပြောပြော
မတူတာတော့
အမှန်ပါပဲဗျာ
အဲ့ဒီတော့
တပည့်ကြီးကဘာဖြစ်
လာလို့လဲ၊ အခု..
ထိုအခါ ဗိုက်ကလေးသည်
အိမ်အတွင်းဘက်ထဲကြည့်ပြီး
ဆ.. ဆတွတ်..
မမျှင်အိပ်ပလား
မရှိဘူး၊ ဦးသ
မောင်ဖြူမယ်ဆိုလို့ ဗီဒီယို
ရုံလစ်လေရော..
ဟာ.. ဒါဆို
အတော်ပဲဗျို့ စိတ်ချလက်ချ
တိုင်ပင်ရတာပေါ့..


ဟမ်.. ဘာတိုင်ပင် မှာလဲ၊ မိန်းမခိုးဖို့လား..
ဟာ.. ဆရာတွတ် ကလည်းတပည့်ကြီးမခံ့တာ သိရဲ့သားနဲ့ နောက်နေပြန်ပြီ
ဟိုဗျာ ရန်ကုန်သင်္ကြန်သွားရအောင်
ဒုံကျွ.. စိတ်ကလေး မင်းနောက်နေတာ မဟုတ်ပါဘူးနော်..
အို.. နောက်ပုံမ လားဗျ၊ ဆရာတွတ်ပဲ စဉ်းစားကြည့်..


ကျွန်တော်ဟာ ကုန်းဘောင်ရွာမှာ မွေးတယ်
ဆရာတွတ်နဲ့ မမျှင်အကြောင်းပါတော့ကျွန်တော် ကြံ့တိုင်းရွာသားဖြစ်ခဲ့ရတယ်၊ ခုအသက် သုံးဆယ်
သကြိန်ဆိုလို့ကြံ့တိုင်းရွာသကြိန်နဲ့ကုန်းဘောင်ရွာသကြိန် နှစ်နေရာပဲလည်ဖူးတယ်၊ ဘယ်လောက်ပဟုသုတ မရှိလဲ၊ ဘယ်လောက်သနားစရာကောင်းသလဲ..
ဆရာတွတ်ပဲပြောခဲ့တာပဲ ပဟုသုတရဖို့ခရီးများ များထွက်ပြီးအတွေ့ အကြုံရှာရမယ်ဆိုဗျ
ဟုတ်ပါသည်။ အမြင်ကျယ်မှတိုးတက်မည်။ သူတကာတွေဘာလုပ်နေသလဲ လေ့လာရပေမည်။
ပုစိဟောင်း မှတ်တာဒီလိုကိုး
ပြီးမှအားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်ရမည်။


နိုင်ငံခြား မှာဆိုရာ အလုပ်လုပ်မယ်
ကြုံတိုင်းရွာသားများ က မြို့ပြတက်ချင်သည်။ မြို့ပြလူနေတန်းစားက ပြင်ပတိုင်းပြည်များကို ထွက်ပြီးအလုပ်လုပ် ချင်ကြသည်။
သူတကာတွေဘာလုပ်နေကြသလဲ။ဘာကြောင့်တိုးတက်နေ သလဲ။
ဒီမှာလည်း တိုးတက်မှုကနေ့ခဉ်ပါ ပဲ
ဆရာဆို ခေါင်းမွေးပြောင်အောင် လေ့လာခဲ့ရတယ်
မလေ့လာမဆည်းပူးဘဲနဲ့တော့ ကျွန်ုပ်တို့ဘဝများတိုးတက်ဖို့မထင်။
လေ့လာမှုန်း လို့အပြေးမှာတော့ ချန်ပီယံပါပဲ


သို့တစေ။ အခြေခံ အကြောင်းတရားကတော့ ရှိခဲ့ပြီ။ မြို့ပြသင်္ကြန်ကို လေ့လာချင်သည်ဆိုသော်လည်း ကျွန်ုပ်တို့က အနှောင်အဖွဲ့နှင့်လူ။ ဥပမာပြရလျှင်..
ကာမဘုံသား ဆိုလည်းနွားပေါ့ရှင်..
ခရီးစရိတ်ကလည်း မလွယ်ဘူးကွ
မမျှင် ဆီကတော့ငွေ ရဖို့မလွယ်ဘူး
မသေးမျှင်ကားတို့အ ပျော်အပါးကိုခွနှင့်တော့ ရန်ကုန်သို့သွားခွင့်ပြုမည် မဟုတ်ပါချေ။ နောက် တစ်ကြောင်းကငွေရေး ကြေးရေး။ ခရီးစရိတ်ကား မလွယ်။
သို့တစေ။ ဗဟုသုတခေါင်းပါးရှာသောလူပျိုကြီးဗိုက်ကလေးအတွက်မူ ကျွန်ုပ် ဖြစ်နိုင်လျှင်သူ့ဆန္ဒ ပြည့်စွမ်းပေးချင်သည်။
မသေးမျှင် က ဘယ်နည်းနဲ့မှခွင့်ပြုမှာ မဟုတ်ဘူးကွ
မုသားမပါ လက်မချောပေါ့ ဆရာတွတ်




သင်္ကြန်သွား လည်မယ်ပြောလို့က တော့ဘယ်ရမလဲ
ဟင်.. ဒါဖြင့်ဘယ်လို ပြောရမှာလဲ
မမျှင်ကဆရာတွက်အမဲရမယ်ဆို နိုင်ငံခြားလည်းရှုတ်ဖို့ဝန်လေးတဲ့လူမှ မဟုတ်တာပဲ ဆရာတွက်ရယ်..
ဒုက္ခပါပြီ။ အမဲရဖို့များ နိုင်ငံခြားသွားနေ ဦးမှာလား။
ဟိုဗျာ.. အထက်ပိုင်းမှာ အမဲသွားပစ်မယ်.. ပြောခဲ့..
ဟာ.. တကယ်သွားရမှာက ရန်ကုန်ကွ၊ ရန်ကုန်ကအပြန်ယုတ္တိ ရှိရှိအမဲရဖို့ ဘယ်လိုကြံဖန် ရှာခဲ့ရမှာတုံး..


ချေးကိုခေါင်းပြတ်ပြီး အရေဆုတ်သမင်လို့ ပြောပေါ့ဗျာ..
အဲ့ဒီမှာသမင်ခေါင်း ရောင်းစားခဲ့တယ် ဆိုပြီးမိုးမီးလောင်နေ ပါဦးမကွာ..
မှန်သမျှကိုယ့်မိန်းမအကြောင်း အတွက်အချက်ပိုင်လှသဗျာ၊နောက်တာပါဗျ ဆရာတွက်ရာ ဒီအမဲကခါတိုင်းလည်းမရနေကျ ပဲဟာ၊ပြန်လာမှမရှာဘူးပြောလည်း ရတာပဲဥစ္စာ..
အိမ်း..မသေးမျှင်ကိုလိုမ့်နိုင် တယ်ထားဦး၊ ဘယ်မှာလဲ မင်း ရန်ကုန်သွားမယ့်ခရီး စရိတ်..
ကျွန်တော်သကြီနဲ့ လည်မယ့်မိတ်ကူးကတည်း ကငွေရေးကြေးရေးတွက် ပြီးသားပါဗျ..


မင်းမှာခုထားတာ ရှိသပေါ့၊ ဒါဖြင့်သွားကြမယ်ဟေ့
ဆရာတွတ်ကလည်း တပည့်ကြီးကိုအထင်ကြီး နေပြန်ပြီ၊ ခုထားတာတော့ ဘယ်ရှိပါ့မလဲ..
ဒီလိုပဲ ကြံဖန်ချေးငှား ငှား..
ဘုရား.. ချေးငှားဆိုကတည်းကကြွေးတင်လျှင်ကျွန်ခံပဲဆပ်ရဦးမှာပါလား
ဘယ်မှာ ချေးမှာလဲ..
သူကြီးဘစိန် နဲ့ တိုက်ပိုင်ရှင် ဦးဝက္ကဆီမှာ ငွေတိုးနဲ့ချေးမယ်ဗျာ
အောင်မယ်လေ.. တော်ပါတော့ စီးပွားရေးအကွက်မြင်လှတဲ့ တပည့်ကြီးရယ်..

အခန်း (၇) ကျွန်ုပ်လိုလူစား ဘယ်လောက်များရှိသလဲ







ကာတွတ်ပီကနာမည်နဲ့နေတာ နာမည်ပျက်မယ့်အလုပ်မလုပ်ဘူးဗျို့..
ဪ.. နာမည်တစ်လုံး၊ ရဖို့မလွယ် သလို ထိန်းသိမ်းဖို့ခက်ခဲသည်။ အပျက်ခံ၍မရ။
သို့ဖြင့် ကျွန်ုပ်တို့မှာ ငွေတစ်ထောင်ချက်ချင်း လက်ဝယ်ရောက်ရှိခဲ့သည်။
ရော့ဗျို့
ဗိုဆိုရှူင် သင်
တို့ကတွေ့ကြရော့မည်။ မြို့ရာ
ကာတွတ်ပီဆိုသော ပုဂ္ဂိုလ်ကြီး
၏နာမည်မှာ မြန်မာပြည်တစ်
လွှားသိမ့်သိမ့်တုန်အောင်ကျော်
ကြားနေပါက မင်း ဒီငွေလေးတစ်
ထောင်လောက်တောင် အိတ်ထဲ
မထည့်နိုင်ဘူးလား။
မေးသင့်ပါသည်..



ထိုသို့မေးသဖြင့် သင်တို့ကို ကျွန်ုပ်စိတ်မဆိုးပါ။ လွန်စွာမှ သင့်တင့်လျောက်ပတ်သော မေးခွန်းဖြစ်သောကြောင့် တည်း။ အမှန်အတိုင်း ငွေတစ်ထောင်မပြောနှင့်။ တစ်နေ့ကိုတစ်ကျပ်မျှပင် မကာစ်နိုင်ပါချေ။
မပေးပါဘူး...
ယင်းမှာကျွန်ုပ်မရှောင်ကြဲနိုင်၍မဟုတ်။ ကျွန်ုပ်မကြာခဏ ပစ်ခတ်ရရှိခဲ့သော နံ့တကာ ခွေသားကောင်များမှာ ရောင်းချလျှင် ငွေသောင်း ချီရလေ့ရှိသော်လည်း ကျွန်ုပ်မှာယင်းငွေကိုလက် နှေးအောင်ပင်မကိုင်လိုက် ရဘဲကျွာထိန်းကတစ်ချီ တည်းဝိုက်ခိုင်တိုက်သိမ်း၍တည်း။
ကျွန်ုပ်၌ဝိုက်ဆံကာစ်မကာစ်ကား မသေးမျှင် စိတ်ကြိုက်ဆင်ထားသော ကျွန်ုပ် ဝတ်စုံမှာ ဝိုက်ဆံထည့်စရာ အိတ်တစ်အိတ်မျှပင် မပါခြင်းကို ကြည့်တော့
ကျွန်တော်လည်း ဆရာကွတ်အတိုင်းပါပဲဗျာ အိတ်မပါဘူး..



အိတ်မပါတော့ နိုက်ရသက်သာတာ ပေါ့ရှင်..
ဪ.. စေတနာတွေ
ချာတူးလန် စေတနာတွေ..
သို့ကြောင့် ကျွန်ုပ်ယခုကြုံတိုင်းရှာ မှ ရန်ကုန်သင်္ကြန်သွားချင်သော အခါငွေချေးငှားရချေသည်။ သူမ သိလျှင် မိုးမီးလောင်ချေမည်။
ဟင်း.. ဆရာတွတ်၊ ကျွန်တော် တာဝန်တော့ကျေပြီ၊ မမျှင် ကိုဆရာတွတ်လိုခို့တော့
ခရီးထွက်ဖို့အရေးမသေးမျှင် ကိုခွင့်ပန်ရမည်ထက်ကျားမြီး ပဲ ဆွဲလိုက်ချင်သည်။ သူမကား ကျွန်ုပ်ခရီးထွက်မည်ထက် ကုန်ကျမည့်ခရီးစရိတ်ငွေကို တွန့်တိုနေခြင်းသာ။

## အခန်း (၄) မှသားမပါလက်ပဒေသာ






ဟောတော့.. ကတ္တတ်ပီ.. ဘာယ့်နှာကလေးကလား ကိစ္စတွေလာပြောနေရတာတုံး..
မဟုတ်ပါဘူးကွာ ကိုယ့်မိန်းမကပြင်လိုက်ဆင် လိုက်တော့ ချောလာလို့..
မသေးမျှင် ကား မိန့်မိန့်ကြီးပြုံးပြီး မှန်ပြန်ကြည့်ပြန်၏။
နည်းနည်း တော့ပိန်ချင်ပရှင်
ဟာ... အဝခေတ်ဟ၊ မိုးနတ်ဘုရား ဆိုကြည့်လေ၊ ဝဝလှလှ
၃၂
တော့.. ကတ္တတ်ပီ ရှင်ဘာကိစ္စရှိလို့ ကျုပ်ကိုလာမြှောက် နေတာတုံး..
မြှောက်တယ်ထင်ရင် မှားမှာပေ့ါ၊တကယ်ပြော တာပါဟ..
တော်ပါ ရှင်ရယ်..


အခြေအနေကားမဆိုးလှပေ
ဪ.. မျှင်ရေ.. သင်္ကြန်မှာကိုကိုထွက် အပျော်မပျက်တဲ့အမဲထွက်ပစ် ရကောင်းမလား လို့
ဟင်.. ကောင်းသား ပဲ စီးပွားရေးပေါ့ရှင်
နိုဝ် ပဟ
ကျွန်ုပ်မိန်းမကား ကျွန်ုပ်သာအမဲပစ် ထွက်မည်ဆိုသည်မအောင် ဘဲကောင်းအမဲထွက် ပစ်စေမည်သူ။
ပစ်ပေါ့ရှင် ရိုးမတောထဲသင်္ကြန် သွားအောင်းနေပေါ့
အာ.. ခုဟာက ရိုးမတောထဲမဟုတ်ဘူးဟ အညာကမဟာမြိုင်တောထဲမှာ သားကောင်သိပ်ပေါ်ပါဆိုဗျာ